ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

စတုတ္ထနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၀၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၂-၈-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အစိုးရ၏အာခံချက်များ၊ ကတိများနှင့် တာဝန်ခံမှုများစိစစ်ရေးကော်မတီနှင့် ဝန်ကြီးဌာနများ ဘတ်ဂျက်အစည်းအဝေး။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ရေဘေးကယ်ဆယ်ရေး။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ရေဘေးကယ်ဆယ်ရေး။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ရေဘေးကယ်ဆယ်ရေး။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေးနှင့် ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေးတို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၃)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် အနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ် ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို လှူဒါန်းရန်တင်ပြခြင်းနှင့်အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေမြင့်တက်ပြီး ရေကြီးရေလျှံမှုများဖြစ်ကာ ရေဘေးအန္တရာယ် ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ် စုပေါင်းကူညီလှူဒါန်းကြဖို့ ဖြစ်ပါတယ်။ ရရှိသော အလှူငွေများကို ရေဘေးအန္တရာယ်ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများ အသုံးပြုနိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ပေးပို့လှူဒါန်းသွားမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ တစ်နေ့တာ နေ့တွက်စရိတ် စုပေါင်းလှူဒါန်းဖို့ သဘော တူ မတူ လွှတ်တော်ရဲ့ သဘောထားကို ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ် ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

များ၏ တစ်နေ့တာ နေ့တွက်စရိတ် လျှဒါန်းရန် တင်ပြခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြု ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပွင့်လင်းသော အစိုးရအဖွဲ့ဝင် (Open Government Partnership) ဖြစ်ရေး ဆက်လက် အကောင် အထည်ဖော်ဆောင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း က ပွင့်လင်းသော အစိုးရအဖွဲ့ဝင် (Open Government Partnership)ဖြစ်ရေး ဆက်လက်အကောင်အထည် ဖော်ဆောင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်နှင့် အင်္ဂလိပ်ဘာသာ အသုံး အနှုန်းများ ခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပွင့်လင်းသောအစိုးရ အဖွဲ့ဝင် (Open Government Partnership) ဖြစ်ရေး ဆက်လက်ဆောင်ရွက် အကောင်အထည်ဖော်မယ့် အစီအစဉ် ရှိ/ မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ အစိုးရအနေနဲ့ အဂတိလိုက်စားမှု ကိစ္စရပ်များကို ထိရောက်စွာဆောင်ရွက်မည့်အသွင် မြင်တွေ့နေရတဲ့အတွက်ကြောင့် ဝမ်းမြောက်မိပါ တယ်။ တစ်ဖက်မှာလည်း အရေးယူမှုများ ဆောင်ရွက်ရန်လိုအပ်သလို၊ တစ်ဖက်မှာလည်း အခြေခံကျတဲ့ Institution တွေ၊ နိုင်ငံတကာအဆင့် ပါဝင်မှုများလည်း လိုအပ်ပါတယ်။ အခြေခံကျတဲ့ Open Government Partnership အဖွဲ့ဝင်အဖြစ် ကြိုးပမ်းဆောင်ရွက်ပါက ယခုထက်ပိုမို ထိရောက်မယ် လို့လည်း ခံယူပါတယ်။

Power Point နဲ့ တင်ပြထားပါတယ်။ Open Government Partnership လုပ်ငန်း များရဲ့ Minimum Eligibility Criteria တွေဟာ တင်ပြပါအတိုင်းဖြစ်ပါတယ်။ နံပါတ် (၁) ဘတ်ဂျက် ပွင့်လင်းမြင်သာမှုရှိဖို့ (Fiscal Transparency) ဖြစ်ပါတယ်။ နံပါတ် (၂) သတင်းအချက်အလက် ပေးစွမ်းနိုင်စွမ်း (Access to Information) ဖြစ်ပါတယ်။ နံပါတ်(၃) ရွေးကောက်ခံကိုယ်စားလှယ်

များနဲ့ အဆင့်မြင့်အရာရှိကြီးများ ပိုင်ဆိုင်မှု ဝင်ငွေအား ပြည်သူ့ထံ အသိပေးရန် (Disclosures Related to Elected or Senior Public Officials)၊ နံပါတ်(၄) ပြည်သူများ ပါဝင်ခွင့် ရရှိစေရန် (Citizen Engagement) ဖြစ်ပါတယ်။ အဖွဲ့ဝင်ဖြစ်ဖို့အတွက် Steering Committee သို့မဟုတ် (Organization of Economic Cooperation and Development - OECD) က သတ်မှတ်ထားတဲ့ Total Score အနေနဲ့ (၁၆)မှတ်ဖြစ်ပြီးတော့ (၂)မှတ်အဆင့်သာ ကျွန်တော်တို့နိုင်ငံက ရှိပါသေးတယ်။ ဒါကြောင့်မို့လို့ အချိန်ယူပြီး ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ Political Will ပြမယ်ဆိုရင်တော့ အစိုးရရဲ့ Image က နိုင်ငံတကာမှာ မြင့်တက်သွားမယ်လို့ တင်ပြအပ်ပါတယ်။

အာဆီယံနိုင်ငံအနေနဲ့ Indonesia နဲ့ Philippines က အစောဆုံးဝင်ရောက်ပြီးတော့ ကမ္ဘာမှာလည်း နိုင်ငံပေါင်း(၆၀)လောက်ကလည်း ဝင်ရောက်ဆဲဖြစ်တယ်လို့ သိရှိရပါတယ်။ ယခင်အစိုးရအနေနဲ့လည်း Open Government Partnership အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီ ဖွဲ့စည်းပြီးတော့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉၊ ၃၀ ရက်နေ့တွေမှာ Work Shop စတင်ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ လက်ရှိအစိုးရအနေနဲ့ Open Government Partnership အဖွဲ့ဝင်ဖြစ်ရေး ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ/ မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

Open Government Partnership လုပ်ငန်းများ၏ Minimum Eligibility Criteria များပြစာမျက်နှာ၏ မြင်ကွင်းပုံ (ခ)

၁။ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိရန် (Fiscal Transparency)

၂။ သတင်းအချက်အလက် ပေးစွမ်းနိုင်ရန် (Access to Information)

၃။ ရွေးကောက်ခံ ကိုယ်စားလှယ်များ၊ အဆင့်မြင့် အရာရှိကြီးများ၏ ပိုင်ဆိုင်မှု၊ ဝင်ငွေအား ပြည်သူ့ထံအသိပေးရန် (Disclosures Related to Elected or Senior Public Officials)

၄။ ပြည်သူများ ပါဝင်ခွင့်ရရှိရန် (Citizen Engagement)

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဦးခင်မောင်တင်(ဒုတိယဝန်ကြီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များကို ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင် ဖြစ်ပါတယ်။ ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ၏ ပွင့်လင်းသော အစိုးရအဖွဲ့ဝင် (Open Government Partnership) ဖြစ်ရေး ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနဲ့ပတ်သက်လို့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

မြန်မာနိုင်ငံဟာ ၂၀၁၃ ခုနှစ်မှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်မှုအဖွဲ့ (OECD)ရဲ့ ကမ်းလှမ်းချက်အရ ပွင့်လင်းသော အစိုးရမဟာမိတ် (Open Government Partnership -OGP) သို့ ဝင်ရောက်နိုင်ရေးအတွက် စတင်ဆောင်ရွက်ခဲ့ပါတယ်။ OGP အဖွဲ့ဝင်ဖြစ်ဖို့ ကိုက်ညီရမယ့် အနည်းဆုံး စံသတ်မှတ်ချက်တွေကတော့ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ သတင်းအချက်အလက်များ ရယူနိုင်မှု၊ ရွေးချယ်ခံ သို့မဟုတ် အဆင့်မြင့်အရာထမ်း၏ ပိုင်ဆိုင်မှုကြေညာခြင်းနှင့် နိုင်ငံသူ၊ နိုင်ငံသားများ ပါဝင်ဆောင်ရွက်ခြင်းတို့ပဲ ဖြစ်ပါတယ်ခင်ဗျား။ စံသတ်မှတ်ချက်များ ပြည့်မီဖို့ နိုင်ငံတစ်နိုင်ငံအနေနဲ့ အားကောင်းရမယ့် နယ်ပယ်တွေကတော့ ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှု၊ သတင်းအချက်အလက်များ ပွင့်လင်းစွာရရှိမှု၊ ပြည်သူများ ပါဝင်ချိတ်ဆက် ဆောင်ရွက်မှု၊ ပေါင်းစည်းပါဝင်မှု၊ ပြည်သူများ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာ အသုံးချမှုကဏ္ဍ၊ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုတို့ပဲ ဖြစ်ကြပါတယ်။

အဆိုပါနယ်ပယ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပြည်သူများ ပါဝင်ဆောင်ရွက်မှု၊ နည်းပညာနဲ့ ဆန်းသစ်တီထွင်မှုဆိုတဲ့ စည်းမျဉ်းတွေကို လိုက်နာကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ OGP အဖွဲ့ဝင်ဖြစ်ဖို့ Criteria (၄)ခု အပေါ်မှာ စုစုပေါင်းရမှတ်(၁၆)မှတ်ရရှိဖို့၊ အနိမ့်ဆုံးအားဖြင့် (၁၂)မှတ်ရရှိဖို့ လိုအပ်ပါတယ်။ Open Government Review ပြုလုပ်ခြင်း၊ Minimum Eligibility Criteria နဲ့ ကိုက်ညီစေရန် မူဝါဒဆိုင်ရာများ အကောင်အထည်ဖော်ခြင်း၊ Criteria ကိုက်ညီမှုရှိပါက Action Plan ဖော်ထုတ်ခြင်း၊ Action Plan အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ပွင့်လင်းသောအစိုးရမူဝါဒများ အကောင်အထည်ဖော်မှုကို ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်တွေပဲ ဖြစ်ပါတယ်။ OECD ရဲ့ ကမ်းလှမ်းချက်အရ ထိုစဉ်အစိုးရနဲ့ USAID တို့ပူးပေါင်း၍ အစိုးရအရာထမ်းများ တက်ရောက်စေပြီး "Open Government from Recommendations to Implementation" ခေါင်းစဉ်နဲ့ ၂-၇-

၂၀၁၄ ရက်နေ့မှာ နေပြည်တော်မှာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် OGP ဖြစ်ရေး ဦးဆောင်ကော်မတီနဲ့ လုပ်ငန်းကော်မတီတို့ကို ထိုစဉ်က နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာ အမှတ် (၆၉/၂၀၁၄) နဲ့ ၁၁-၁၁-၂၀၁၄ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ ထိုစဉ်က အလုပ်ရုံဆွေးနွေးပွဲ ရလဒ်နှင့် ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီတို့ရဲ့ သုံးသပ်ချက်များအရ OGP Criteria တွေ မပြည့်မီသေးကြောင်း တွေ့ရှိရပါတယ်။ Institutional mandates များ ကွာဟခြင်းနဲ့ တစ်ခုနှင့်တစ်ခု ထပ်နေခြင်း၊ ကျွမ်းကျင်မှု၊ ထင်သာမြင်သာရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများ တိုးတက်စေဖို့ ရှင်းလင်း ခိုင်မာတဲ့ ကျင့်ဝတ်တွေ လိုအပ်နေသေးခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူရဲ့ယုံကြည်မှု အားနည်းနေသေးခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ထုတ်ပြန်နိုင်သောကြောင့် ရမှတ် (၂)မှတ်ရရှိနေခြင်း စတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ၂၉-၃-၂၀၁၆ ရက်စွဲပါ ထိုစဉ် နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၆) အဖွဲ့အစည်းများ ဖျက်သိမ်းခြင်း အမိန့်စာဖြင့် OGP ဦးဆောင် ကော်မတီနဲ့ လုပ်ငန်းကော်မတီတို့ကို ဖျက်သိမ်းခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလက်ရှိအချိန်မှာ မြန်မာနိုင်ငံ အနေနဲ့ OGP အဖွဲ့ဝင်ဖြစ်ရေးကို ဦးတည်ဆောင်ရွက်နေတာ မဟုတ်ပေမယ့် လက်ရှိအစိုးရအနေနဲ့ လုပ်ငန်းဆောင်ရွက်မှုတွေက OGP စံသတ်မှတ်ချက်တွေနဲ့ ကိုက်ညီလျက်ရှိတာကို တွေ့ရှိရပါတယ်။ ဘဏ္ဍာရေးနဲ့ပတ်သက်လို့ တင်ပြရမယ်ဆိုရင် ဘဏ္ဍာရေးနှစ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ခြင်း၊ နိုင်ငံတကာမှ အကူအညီများရယူရာမှာ ပွင့်လင်းမြင်သာမှုရှိရေး အစီအစဉ် (International Aid Transparency Initiative - IATI)အဖွဲ့ဝင်အဖြစ် လက်ရှိဆောင်ရွက်လျက် ရှိခြင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများမှ ပေးအပ်နေတဲ့ အကူအညီများကို ပွင့်လင်း မြင်သာစွာ ရယူနိုင်ဖို့ Aid Information Management System (AIMS)အား အသုံးပြုလျက် Website တည်ထောင်ထားရှိခြင်း၊ ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အထိ(၅)နှစ်စာ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန Website တွင် လွှင့်တင်ထားရှိခြင်း သဘာဝသယံဇာတအရင်းအမြစ် တူးဖော် ထုတ်လုပ်ရေးကဏ္ဍနဲ့ နိုင်ငံတော်ရဲ့အခွန်ငွေ စီးဆင်းမှု ပွင့်လင်းမြင်သာရှိစေရေးအတွက် ဒုတိယ အကြိမ်နဲ့ တတိယအကြိမ် EITI အစီရင်ခံစာများကို တင်သွင်းခဲ့ပြီး မြန်မာ EITI Website နဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန Website တို့မှ ထုတ်ပြန်ကြေညာခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

Access to Information နဲ့ ပတ်သက်လို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ တင်ပြပါ ရုပ်သံလိုင်းများကနေ နေ့စဉ်ထုတ်လွှင့်လျက်ရှိပါတယ်။ တိုင်းရင်းသားဘာသာ (၁၇)ဘာသာနဲ့လည်း ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ နေ့စဉ်သတင်းစာ မြန်မာဘာသာ(၂)စောင်၊ အင်္ဂလိပ်ဘာသာ(၁)စောင် ထုတ်ဝေလျက်ရှိပါတယ်။ MOI Web portal Myanmar Facebook Website (Myanmar, English) MOI Blog ၊ MOI Twitter တို့ကို ဖွင့်လှစ်ထားရှိပြီး Myanmar Digital News ကိုလည်း News Portal မှ ထုတ်လွှင့်လျက်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ သတင်းအချက်အလက် ရပိုင်ခွင့်ဥပဒေ (Right to Information Law) ဥပဒေမူကြမ်းကို (၁၁)ကြိမ်ဆွေးနွေးပြီး အခန်း(၁၄) ခန်း၊ ပုဒ်မ(၆၈)ခုနဲ့ရေးဆွဲကာ ပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ပုဂ္ဂလိကပိုင် မီဒီယာများအနေနဲ့ နေ့စဉ်ထုတ် သတင်းစာ(၄၆)စောင်၊ အချိန်မှန်ထုတ်ဂျာနယ်(၅၄၂)စောင်၊ မဂ္ဂဇင်း

(၄၄၄)အုပ်၊ ပြည်တွင်းသတင်း အေဂျင်စီလုပ်ငန်း(၁၀၇)ခုတို့ကို ခွင့်ပြုထားခဲ့ပြီး ဈေးကွက်မှာ သတင်းစာ(၂၆)စောင်၊ ဂျာနယ် (၂၁၉)စောင်နဲ့ မဂ္ဂဇင်း(၂၁၀)အုပ် ထုတ်ဝေလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံမှာ e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် လက်ရှိအစိုးရအနေနဲ့ e-Government ဦးဆောင်ကော်မတီနဲ့ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီတို့ကို နိုင်ငံတော်သမ္မတရုံးရဲ့ ၂၃-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၈) နဲ့ဖွဲ့စည်းကာ မူဝါဒအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ဦးစားပေး စီမံကိန်းသတ်မှတ်ရေး၊ ဝန်ဆောင်မှု အဆင်ပြေရန် ICT အခြေခံ အဆောက်အဦနဲ့ အထောက်အကူပြု အစီအမံများ ပြည့်စုံရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် လက်ရှိအစိုးရအနေနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ(၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၀) ကို ၂၁-၆-၂၀၁၈ ရက်နေ့မှာ ပြဋ္ဌာန်း ခဲ့ပြီး "အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်"ကို ၂၃-၁၁-၂၀၁၇ နေ့ရက်စွဲပါ နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၃၀/၂၀၁၇) ဖြင့်ဖွဲ့စည်းလျက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတရုံးကနေ ၈-၅-၂၀၁၈ ရက်စွဲနဲ့ သတင်း ထုတ်ပြန်ချက်အမှတ် (၂/၂၀၁၈) ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီထုတ်ပြန်ချက်မှာ နိုင်ငံတော်သမ္မတ သည် မိမိဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင်ဆိုင်မှုပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း အလားတူ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတက ယခင်ခန့်အပ်ခဲ့သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ထပ်မံခန့်အပ်ခဲ့သည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှုတန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပေးပို့တင်ပြပြီးဖြစ်ကြောင်း ဖော်ပြ ပါရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူလူထု ပူးပေါင်းပါဝင်မှုနဲ့ ပတ်သက်လို့ နိုင်ငံတော်အစိုးရရဲ့ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Sector Coordination Group - SCGs)များမှာ NGO၊ INGO နဲ့ အရပ်ဖက်လူ့အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ အစည်းအဝေးများမှာလည်း ကဏ္ဍ အလိုက် တင်သွင်းနိုင်ရန် တိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ စီးပွားရေး အသင်းအဖွဲ့များ၊ ပညာရှင်အစုနဲ့ ပါဝင်သင့်၊ ပါဝင်ထိုက်တဲ့ ကိုယ်စားလှယ်များ ပါဝင်တဲ့ ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတရုံးရဲ့ ၁၇-၁၀-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၈၆/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့တဲ့ UEHRD ကော်မတီမှာ စီမံကိန်းလုပ်ငန်းအဖွဲ့ Task Force များကို အရပ်ဖက်ကျွမ်းကျင်သူ ပုဂ္ဂိုလ်များနဲ့သာ ဖွဲ့စည်းခဲ့ပြီး စေတနာ့ဝန်ထမ်း လူငယ် (၃၅၁)ဦးက ၆-၁၁-၂၀၁၇ မှ ၁၀-၅-၂၀၁၈ အထိ ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။

အမျိုးသမီးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်သမ္မတရုံးရဲ့ ၇-၁၁-၂၀၁၆ အမိန့်ကြော်ငြာစာ (၈၁/၂၀၁၆) နဲ့ဖွဲ့စည်းခဲ့တဲ့

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၂၀-၆-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၈)ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မတီအနေနဲ့ UNCEDAW ကော်မတီကို (၄)နှစ်တစ်ကြိမ် အစီရင်ခံစာတင်ပြနိုင်ဖို့ အသိပညာပေးဆောင်ရွက်ဖို့ အာဆီယံအမျိုးသမီးရေးရာကော်မတီရဲ့ လုပ်ငန်းစီမံချက် ၂၀၁၆ -၂၀၂၀ ကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ Sustainable Development Goals (SDGs)မှာ ပါဝင်တဲ့ Gender Issues များကို အကောင်အထည်ဖော်ပြီး အမျိုးသမီးများ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှာ အပြည့်အဝဆောင်ရွက်နိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒီအကြောင်းအချက်များအရ လက်ငင်းအချိန်မှာ မြန်မာနိုင်ငံဟာ OGP အဖွဲ့ဝင်မဟုတ်သော်လည်း နိုင်ငံတော်အစိုးရအနေနဲ့ OGP စံသတ်မှတ်ချက်များနဲ့ ကိုက်ညီတဲ့လုပ်ငန်းကိစ္စတွေကို အကောင်အထည်ဖော် ဆောင်ရွက်နေတယ်ဆိုတာ ပေါ်လွင်နေပါတယ်။ လက်ရှိအစိုးရထံ အာဏာလွှဲပြောင်းခြင်းမပြုမီ ယခင်အစိုးရက ၂၉-၃-၂၀၁၆ ရက်စွဲပါ နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၆)ဖြင့် ပွင့်လင်းသောအစိုးရအဖွဲ့ဝင် (Open Government Partnership) ဦးဆောင်ကော်မတီနဲ့ လုပ်ငန်းကော်မတီတို့ကို ဖျက်သိမ်းခဲ့ပြီးဖြစ်ပါတယ်။ ပယ်ဖျက်ခြင်း၊ ဖျက်သိမ်းခြင်း၊ ပျက်ပြယ်ခြင်း မရှိတဲ့ကိစ္စများကို ဆက်လက်ဆောင်ရွက်သင့်က ဆောင်ရွက်နိုင်ပါတယ်။ သို့သော် ပယ်ဖျက်ပြီး၊ ဖျက်သိမ်းပြီး၊ ပျက်ပြယ်ပြီးဖြစ်တဲ့ ကိစ္စရပ်များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုသည်မှာ မဖြစ်နိုင်ပါသဖြင့် OGP အဖွဲ့သို့ ဝင်ရောက်ရန် အစီအစဉ်မရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမည့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဆည်သုံးတန်ကျေးရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်းကို အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။　　။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဆည်သုံးတန်ကျေးရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်းကို အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို သတ္တမအကြိမ်က တင်ခဲ့တဲ့မေးခွန်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆည်သုံးတန်ကျေးရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ကို အစီအစဉ် ရှိ/မရှိ မေးခွန်းကို ကျွန်တော် မေးသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဆည်သုံးတန်ကျေးရွာဟာ ပေါက်တောမြို့နယ်၏ မြောက်ဘက်အဆုံးတွင်တည်ရှိပြီး ခေတ်အဆက်ဆက်တွင် ပညာရေး၌ အလွန်နိမ့်ကျသော ကျေးရွာတစ်ရွာလည်း ဖြစ်ပါတယ်။ အလွန်နိမ့်ကျတယ်ဆိုတာကတော့ ဒီရွာ ကျွန်တော်၏ ဇာတိမွေးရပ်မြေဖြစ်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက မူလတန်းကျောင်းဆိုတာ မရှိခဲ့ပါဘူး။ ၁၉၉၀ ပြည့်နှစ် ပတ်ဝန်းကျင်လောက်မှပဲ မူလတန်းကျောင်း ဖြစ်လာတဲ့ရွာဖြစ်ပါတယ်။ အဲဒါကြောင့် ဆည်သုံးတန်ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းကို ၂၀၁၆ ခုနှစ်တွင် ဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ ဆည်သုံးတန်ကျေးရွာဟာ အိမ်ခြေ (၂၀၂)အိမ်၊ လူဦးရေ (၁၀၄၉)ဦးရှိသော ကျေးရွာတစ်ရွာလည်းဖြစ်ပါတယ်။ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသူ၊ ကျောင်းသားများလည်း အခြေခံပညာမူလတန်း(လွန်)ကျောင်းသို့ တက်ရောက်သင်ကြားလျက်ရှိကြပါတယ်။

ဆည်သုံးတန်ကျေးရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်း အဆောက်အဦမှာ (၆၀ x ၃၀) ပေ သွပ်မိုးတစ်ဆောင်ရှိပြီး မူလတန်းအဆင့် ကျောင်းသား၊ကျောင်းသူဦးရေ (၁၆၇)ဦးအား ဆရာ၊ ဆရာမ (၇)ဦးမှ ပညာသင်ကြားလျက်ရှိပါတယ်။ သို့သော် လိုအပ်တဲ့အချက်တစ်ခုက ဒီနေ့ ကျွန်တော်တို့ အဲဒီကျောင်းက ကျောင်းသားဦးရေနှင့် ကျောင်းနဲ့မဆံ့တဲ့ အခြေအနေမျိုးရှိနေပါတယ်။ ကျောင်းအဆောက်အဦ ပရိဘောဂ၊ မီဒီယာပစ္စည်းများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းတို့၏ အစီအစဉ်များ ပြည့်စုံစွာ ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းလည်း ဖြစ်ပါတယ်။ ကျောင်းသူ၊ ကျောင်းသား

များ၏ ပညာရေးကို ထောက်ရှု၍လည်းကောင်း လူမှုရေးဦးတည်ချက်ပါ အမျိုးသားကျန်းမာရေး၊ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ဦးတည်ချက်နှင့်အညီ မူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးသင့်ပါကြောင်း သက်ဆိုင်ရာများက ထောက်ခံချက်တွေ ပေးပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဆည်သုံးတန်ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရကို အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ၁၈၈၅ ခုနှစ် ကတည်းက တည်ဆောက်ဖွင့်လှစ်ခဲ့သော Government High School အ.ထ.က(၁) မူလကျောင်းဟောင်းသို့ လက်ရှိ အ.ထ.က(၁)မှ ကျောင်းသူ၊ ကျောင်းသားများကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ပြောင်းရွှေ့ပညာသင်ကြားနိုင်ရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ သို့မဟုတ် မြို့သူမြို့သားများ၊ အ.ထ.က(၁)ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အစီအစဉ် ရန်ပုံငွေဖြင့် ကျောင်းဆောင်ဟောင်းအား ကြံ့ခိုင်မှု အာမခံနိုင်အောင်ထိ ပြုပြင်၍ ပညာ သင်ကြားနိုင်ရန် လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် က ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ၁၈၈၅ ခုနှစ် ကတည်းက တည်ဆောက်ဖွင့်လှစ်ခဲ့သော Government High School အ.ထ.က(၁) မူလကျောင်းဟောင်းသို့ လက်ရှိ အ.ထ.က(၁)မှ ကျောင်းသူ၊ ကျောင်းသားများကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ပြောင်းရွှေ့ပညာသင်ကြားနိုင်ရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ သို့မဟုတ် မြို့သူမြို့သားများ၊ အ.ထ.က(၁) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အစီအစဉ် ရန်ပုံငွေဖြင့် ကျောင်းဆောင်ဟောင်းအား ကြံ့ခိုင်မှု အာမခံနိုင်အောင်အထိ ပြုပြင်၍ ပညာသင်ကြားနိုင်ရန် လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် အ.ထ.က(၁)ဟုခေါ်သော Government High School ကို ၁၈၈၅ ခုနှစ် ဗြိတိသျှခေတ်ကတည်းက တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ၁၉၇၂ ခုနှစ်အထိ နှစ်ပေါင်း (၈၇)နှစ်ကြာ အ.ထ.က(၁) အဖြစ် ပညာသင်ကြားပေးခဲ့ပါတယ်။ ၁၉၇၂ ခုနှစ်တွင် စစ်တွေကောလိပ်အဖြစ် ဖွင့်လှစ်နိုင်ရန် ၎င်းအဆောက်အဦကို အဆင့်မြင့်ပညာဦးစီးဌာနသို့ လွှဲအပ်ပေးခဲ့ရပါတယ်။ ထို့နောက် စစ်တွေဒေသကောလိပ်၊ စစ်တွေဒီဂရီကောလိပ်၊ စစ်တွေတက္ကသိုလ်အဖြစ်ဖြင့် ဖွင့်လှစ်အသုံးပြုလာခဲ့ရာ အခြေခံပညာဦးစီးဌာနသို့ ပြန်လည်လွှဲအပ်မှုကို ၎င်းအဆောက်အဦ၌ပင် ၂၀၁၇ ခုနှစ်၊ မေလအတွင်းက ကျင်းပပါတယ်။

စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်မှ ရခိုင်ပြည်နယ်ပညာရေးမှူးသို့ လွှဲအပ်ပေးခဲ့ပါတယ်။ အ.ထ.က(၁)အဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြည်နယ်ပညာရေးမှူးကိုယ်တိုင်ဦးစီးပြီး Essential One Co.,Ltd အား ဤကျောင်းဆောင်ဟောင်းကို ၂၀၁၇ ခုနှစ်က အထူးပြင်ဆင်စေခဲ့ပြီး ဖြစ်ပါတယ်။ ထို့နောက်တွင် အ.ထ.က(၁) ကျောင်းအုပ်အပါအဝင် ကျောင်းဆောင်လွှဲပြောင်း လက်ခံရေး ကော်မတီကို ဖွဲ့စည်းပြီး လိုအပ်ပါက ရန်ပုံငွေရရှိရေး၊ စာသင်ခန်းများကြံ့ခိုင်မှုရှိအောင် ပြင်ဆင်ရေး စသည့် ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော် ရခိုင်ပြည်နယ် ပညာရေးမှူးရုံး၏ ၂၁ - ၂ - ၂၀၁၈ ရက်စွဲပါစာဖြင့် ကျောင်းဆောင်ရွှေ့ပြောင်းရေးကို ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းအတိုင်း အဆင့်ဆင့် တင်ပြရန်နှင့် အခြေခံပညာဦးစီးဌာန၏ ညွှန်ကြားချက်တစ်စုံတစ်ရာမရှိဘဲ ကျောင်းဆောင်လွှဲပြောင်းခြင်း မပြုရန် အကြောင်းကြားခဲ့သဖြင့် ကျောင်းဆောင်ဟောင်းသို့ ပြောင်းရွှေ့သင်ကြားရေးကိစ္စမှာ ရပ်တန့်ခဲ့ရပါတယ်။ အကြောင်းပြချက်မှာ ပြင်ဆင်ပြီးသား ကျောင်းဆောင်၏ ကြံ့ခိုင်မှုကိုစစ်ဆေးရာတွင် တာဝန်ခံ အင်ဂျင်နီယာမှ ကြံ့ခိုင်မှုမရှိကြောင်း တင်ပြ၍ဖြစ်သည်ဟု ဆိုပါတယ်။ Power Point သုံးခွင့်ပြုပါ ခင်ဗျား။

ဒါ အ.ထ.က(၁)အသစ်လုပ်ထားတာ။ ဒါလည်း သူ့ဝင်းထဲပါ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ဒါလည်း ဘေးကကြည့်တာပါ။ ကျောင်းဆောင်ကို ပညာရေးမှူးနှင့် ကျွန်တော် စစ်ဆေးနေတာပါ။ ကျေးဇူးတင်ပါတယ်။ ကျောင်းဆောင်ဟောင်းသို့ ပြောင်းရွှေ့ ပညာသင်ယူနိုင်ရေးကို ရခိုင်ပြည်နယ် လွှတ်တော်တွင် မေးခွန်းမေးခြင်း၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် မေးခွန်းမေးခြင်း၊ ဝန်ကြီးချုပ်နှင့် တွေ့ဆုံညှိနှိုင်းခြင်းစသည်ဖြင့် အားကြိုးမာန်တက် ကြိုးပမ်း ဆောင်ရွက်လာခဲ့ရာ တစ်စုံတစ်ရာအထိ အောင်မြင်မှုရရှိပြီးမှ ယခုကဲ့သို့ ရပ်တန့်သွားရခြင်းမှာ မြို့သူ၊ မြို့သားများ အပါအဝင် ကျောင်းသူ၊ ကျောင်းသားဟောင်းများမှာ အလွန်အမင်း အခက်ကြုံခံစားကြရပါတယ်။

ဒုတိယအကြိမ် ရခိုင်ပြည်နယ် လွှတ်တော် သတ္တမအကြိမ်အစည်းအဝေး၌ မေးသော မေးခွန်းကို ပြည်နယ်ဝန်ကြီးဖြေကြားရာ၌ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျောင်းဆောင်အား အကြီးစား ပြင်ဆင်ရန် ဦးစီးဌာနသို့ တင်ပြပြီး ပြုပြင်ဆောက်လုပ်ပြီးမှသာ ကျောင်းသူ၊ ကျောင်းသားများ ပြောင်းရွှေ့သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ ကျောင်းဆောင်ဟောင်းကို ကျွန်တော် ကိုယ်တိုင် ပညာရေးမှူးနှင့်အတူ ၂၀၁၈ ခုနှစ်၊ ဧပြီလက သွားရောက်စစ်ဆေးခဲ့ရာ လူစည်ကားရာ မြို့လယ်ကောင်ရှိ ကျောင်းဝင်းကြီးမှာ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာဖြင့် စွန့်ပစ်ခံထားရသည့် သဘောတွေ့ရပါတယ်။

ဤ အ.ထ.က(၁) ကျောင်းဆောင်ဟောင်းဝင်းကြီးတွင် အနောက်ဘက်၌ ဘောလုံးကွင်းကြီး အပြင် နောက်ပိုင်းကာလ၌ ဆောက်လုပ်ခဲ့သော နှစ်ထပ်ကျောင်းဆောင်တစ်ခုလည်း ရှိသေးရာ ယင်း နှစ်ထပ်ကျောင်းဆောင်ကို အမိုးလုံအောင်ပြုပြင်ပါက ကျောင်းဆောင်နှစ်ခုစလုံးအား အသုံးပြုနိုင်မည် ဖြစ်ပါတယ်။ အောက်ထပ်အခန်းများကို စာသင်ခန်းများအဖြစ်အသုံးပြုလျက် အပေါ်ထပ်တွင် ရုံးခန်း များ၊ ဆရာများနားနေခန်းစသဖြင့် အသုံးပြုလျှင်လည်း ဖြစ်နိုင်ဖွယ်ရှိပါတယ်။ ဤအ.ထ.က(၁) ကျောင်း ဆောင်ဟောင်းသို့ ပြောင်းရွှေ့သင်ကြားလိုသည့် ရည်ရွယ်ချက်တစ်ခုမှာ အ.ထ.က(၂) Normal ကျောင်း၊

အ.ထ.က(၄) Covent ကျောင်းတို့ကဲ့သို့ သမိုင်းဖြစ်စဉ်ကို ထိန်းသိမ်းရန်လိုအပ်မှုလည်း အကြောင်းတစ်ခုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့ကြောင့် မြို့သူ မြို့သားများ ကျောင်းသူ ကျောင်းသားများ၊ ဆရာဟောင်းများ၏ တောင်းဆိုချက်များအရ ကျွန်တော်မေးလိုသည်မှာ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် စစ်တွေ အ.ထ.က(၁) မူလကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သို့မဟုတ် ပါကလည်း မြို့သူ မြို့သားများ အ.ထ.က(၁) ကျောင်းသူ ကျောင်းသားဟောင်းများ၏ အစီအစဉ်ရန်ပုံငွေဖြင့် ----------

**ဥက္ကဋ္ဌ။** ။ အချိန်စေ့သွားပါပြီ။

အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ စစ်တွေမြို့၏ မြင်ကွင်းပုံ (ဂ)



အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ခြံဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများနှင့်မြင်ကွင်းပုံ (ဂ-၁)



သွားရောက်စစ်ဆေးနေစဉ် မြင်ကွင်းပုံ (၈-၂)



**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မြို့မအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန်နှင့် မီးဝကျေးရွာနှင့် ဂုပ္ပိထောင့်ကျေးရွာတို့ရှိ အခြေခံပညာ အလယ်တန်းကျောင်းတို့ကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မြို့မအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန်နှင့် မီးဝကျေးရွာနှင့် ဂုပ္ပိထောင့်ကျေးရွာတို့ရှိ အခြေခံပညာအလယ်တန်းကျောင်းတို့ကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ပညာရေးနှင့် ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြ မေးခွန်းအနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် လူဦးရေ (၂၁၆၉၇၀)ဦးရှိပြီး ကျေးရွာပေါင်း (၂၈၃)ရွာရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ ပညာရေးနှင့် ပတ်သက်ပြီး အထက်တန်းကျောင်း(၈)ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) (၈)ကျောင်း၊ အလယ်တန်းကျောင်းက (၁၄)ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) (၁၄)ကျောင်းနှင့် အ.မ.က(လွန်)ကျောင်း (၅၇) ကျောင်း၊ အ.မ.က (၁၁၉)ကျောင်းနှင့် အ.မ.က(ခွဲ)(၃၈)ကျောင်း၊ စုစုပေါင်း(၂၅၈)ကျောင်းရှိတဲ့ မြို့နယ်

တစ်ခုဖြစ်ပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မြို့မကျောင်းမှာ ကျောက်တော်မြို့ပေါ်ရှိ အချက်အချာကျတဲ့ မြို့လယ်တွင်ရှိတဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ကျောက်တော်မြို့ပေါ်တွင် ရပ်ကွက် (၅)ရပ်ကွက်၊ အိမ်ခြေပေါင်း (၃၈၀၀)ကျော်နှင့် လူဦးရေ (၂၀၀၀၀)ကျော်ခန့် နေထိုင်ကြပါတယ်။ မြို့ပေါ်တွင် လက်ရှိ အထက်တန်းကျောင်း(၁)ကျောင်းနှင့် အ.ထ.က(ခွဲ) (၂)ကျောင်းရှိပါတယ်။

အ.ထ.က(ခွဲ) မြို့မကျောင်းမှာ အ.ထ.က(ခွဲ)သို့ ၂၀၁၂ - ၂၀၁၃ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ခွင့်ရရှိခဲ့ပြီး အထက်တန်းပညာကို သင်ကြားခွင့်ရရှိခဲ့ကြပါတယ်။ မြို့ပေါ်အနေနဲ့ တိုးတက်များပြားလာတဲ့ လူဦးရေနှင့် အရင် အ.မ.က၊ အ.လ.က(ခွဲ)ကျောင်းမှ ကျောင်းသားများလည်း ဤ အ.ထ.က(ခွဲ) မြို့မကျောင်းကိုပဲ မှီခိုနေရခြင်းဖြစ်ပါတယ်။ လက်ရှိကျောင်းသားအင်အားမှာ အထက်တန်းအဆင့် (၂၀၆)ဦး၊ အလယ်တန်းအဆင့်က (၃၈၇)ဦး၊ မူလတန်းအဆင့် (၃၁၄)ဦး၊ စုစုပေါင်း (၉၀၇)ဦးရှိပါတယ်။ အထက်တန်းအဆင့် ကျောင်းသား (၂၀၀)ဦးနှင့်အထက်ရှိနေခြင်းကြောင့် မြို့ပေါ်တွင်အထက်တန်းအဆင့် တိုးမြှင့်ပေးရန် မဖြစ်မနေလိုအပ်တဲ့ကျောင်းဖြစ်ပါတယ်။ တိုးမြှင့်ပေးလိုက်ပါကလည်း လက်ရှိအသစ်ဆောက်လုပ်နေတဲ့ နှစ်ထပ်ကျောင်းဆောင် (၂)ဆောင် အပါအဝင် ကျောင်းအဆောက်အဦများ လုံလောက်စွာ ရှိနေပါတယ်။

မီးဝကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းမှာ ကျောက်တော်မြို့၏ အစွန်ဆုံး ပလက်ဝမြို့နယ်စပ်အနီးတွင်ရှိတဲ့ ကျောင်းဖြစ်ပါတယ်။ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်မှသာ အ.လ.က အဆင့်ကို တိုးမြှင့်ခွင့်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ ကျောက်တော်မြို့ပေါ်နှင့် မိုင်(၃၀)လောက် ဝေးကွာပြီး ရွှေပြည်အထက်တန်းကျောင်းနှင့် မိုင်(၂၀)လောက်ကို ကွာဝေးပါတယ်။ လက်ရှိတွင် အလယ်တန်း ကျောင်းသား (၁၇၄)ဦး၊ မူလတန်းကျောင်းသား (၁၃၀)ဦးသာရှိပြီး အထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပေးရေးအတွက် ကျောင်းသားအင်အားမှာ ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်မူဘောင်နှင့် ကိုက်ညီမှုမရှိသော်လည်း ဤဒေသတွင် ဤကျောင်းကိုသာ အမှီပြုနေရမှုများ ဤဒေသ၏ ကျောင်းသားများ အလယ်တန်းပညာကို သင်ကြားခွင့်ရရှိရေးနှင့် မဖြစ်မနေ အထက်တန်းအဆင့်ကို တိုးမြှင့်ပေးရမယ့် ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။

ဂုပ္ပိထောင့်ကျေးရွာ အလယ်တန်းကျောင်းမှာ ကျောက်တော်မြို့၏ တောင်ဘက်တွင်ရှိတဲ့ ကျောင်းဖြစ်ပါတယ်။ မြို့ပေါ်နှင့် မိုင်(၂၀)လောက်ကွာဝေးပြီး ဒုက္ကံချောင်းအထက်တန်းကျောင်းနှင့် ကစ္ဆပနဒီမြစ် ခြားနေခြင်းကြောင့် (၂)မိုင်လောက်ကွာဝေးပါတယ်။ ရာသီဥတု လှိုင်းလေကြီးပြီး မိုးရာသီတွင်သွားလာရေးခက်ခဲပါတယ်။ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် အလယ်တန်းအဆင့်တိုးမြှင့်ခဲ့ပြီး အလယ်တန်းကျောင်းသား (၁၇၅)ဦး၊ မူလတန်းကျောင်းသား (၁၇၉)ဦး၊ စုစုပေါင်း (၃၅၄)ဦးရှိပါတယ်။ ဤကျောင်းမှာလည်း ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်မူဘောင်နှင့် မကိုက်ညီသော်လည်း သွားလာရေး ခက်ခဲတဲ့ ကျေးရွာဖြစ်နေခြင်းကြောင့် အဆင့်တိုးမြှင့်ပေးလိုက်မှသာ ဤဒေသမှ ကျောင်းသားများ အထက်တန်းပညာကို သင်ကြားခွင့်ရရှိကြမှာဖြစ်ပါတယ်။

ကျွန်တော်တို့ဒေသမှာ ဆင်းရဲနွမ်းပါးမှုကြောင့် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်မှုများကြောင့် ပညာရေးကို ဆုံးခန်းတိုင်အောင် မသင်ကြားနိုင်ခဲ့မှုများကို ထောက်ရှုပြီး ဆုံးခန်းတိုင်အောင်

ပညာသင်ကြားနိုင်ရေးအတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းကို မေးမြန်းအပ်ပါတယ်။ ကျောက်တော်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မြို့မကျောင်းအား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် မီးဝကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းနှင့် ဂုပ္ပိထောင့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့အား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျွန်းချေကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျွန်းချေကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။　　။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းက ပုဏ္ဏားကျွန်းမြို့နယ်၊ ကျွန်းချေကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်းချေကျေးရွာဟာ ရန်ကုန် - စစ်တွေ ကားလမ်းနှင့် (၂)မိုင်လောက်ပဲ ဝေးပါတယ်။ ဒါပေမဲ့ ကြားမှာမြစ်ကြီးတစ်မြစ်ခြားနေတဲ့အတွက် အလွယ်တကူ သွားလို့မရပါဘူး။ ကျေးရွာက ကျွန်းတစ်ကျွန်းပေါ်မှာ တစ်ရွာတည်းရှိတဲ့ ကျေးရွာပါ။ ဆိုတော့ ကျောင်းတွေ ချပေးတဲ့အခါ ခဏခဏကျန်နေခဲ့တာကြောင့် အမျိုးသားလွှတ်တော်ကြီးကတစ်ဆင့် မေးမြန်းရတာ ဖြစ်ပါတယ်။ ခုတော့ ဒီနှစ် ဘတ်ဂျက်မှာပါနေတဲ့အတွက် ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး မေးမြန်းဖို့ မလိုအပ်တော့ဘူး ထင်ပါတယ်။ ကျွန်တော် အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၆။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ရခိုင်ပြည်နယ်၊ အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတက်ထွန်းအောင် ၏ မေးခွန်း ဖြစ်သော ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဆည်သုံးတန်ကျေးရွာ အခြေခံပညာမူလတန်း(လွန်) ကျောင်းကို အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဦးစွာတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်မှာ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ် ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်မှာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း (၃)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(ခွဲ)ပေါင်း (၄)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း (၆)ကျောင်း၊ အခြေခံပညာ မူလတန်း(လွန်)ကျောင်း (၁၇)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ပေါင်း (၁၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းပေါင်း (၃)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ပေါင်း (၄)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၄၈)ကျောင်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလို ဆောင်ရွက်ပေးတဲ့နေရာမှာ ကိုယ်စားလှယ် တော်ကြီးတင်ပြထားတဲ့ ကျောင်းကိုလည်း အဆင့်တိုးမြှင့် ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။

ကျွန်တော်ပဲ ဆက်လက်ပြီး ရခိုင်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဝေစိန်အောင် ၏ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ၁၈၈၅ ခုနှစ် ကတည်းက တည်ဆောက်ဖွင့်လှစ်ခဲ့သည့် အ.ထ.က(၁) မူလကျောင်းဟောင်းကြီးသို့ လက်ရှိ အ.ထ.က (၁)မှ ကျောင်းသား၊ ကျောင်းသူများကို ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် ပြောင်းရွှေ့ ပညာသင်ကြား ပေးနိုင်ရန်၊ စီစဉ်နိုင်ခြင်း ရှိ/မရှိ သို့မဟုတ် မြို့သူ၊ မြို့သားများမှ အ.ထ.က(၁) ကျောင်းသူ၊ ကျောင်းသား များ၏ အစီအစဉ်ရန်ပုံငွေဖြင့် ကျောင်းဆောင်ဟောင်းအား ကြံ့ခိုင်မှု အာမခံနိုင်အောင်အထိ ပြုပြင်၍ ပညာသင်နိုင်ရန် လွှဲပြောင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက် တင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ လက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်း စာသင်ကြားတဲ့နေရာမှာ ပင်မဆောင် (၃၉၀ x ၂၅)ပေ သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ် (၁)ဆောင်၊ ဝေသာလီဆောင် (၁၄၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် (၁)ဆောင်၊ အဆောင်(၁)(၁၂၀ x ၃၀)ပေ RC

တစ်ထပ်ဆောင် (၁)ဆောင်နှင့် အဆောင်(၂) (၁၄၀ x ၃၀)ပေ RC တစ်ထပ်ဆောင် (၁)ဆောင်၊ စုစုပေါင်း စာသင်ဆောင် (၄)ဆောင်ရှိပါတယ်။

ကျောင်းသူ၊ ကျောင်းသားဦးရေအနေနဲ့ အလယ်တန်းအဆင့်မှာ (၄၂၁)ဦး၊ အထက်တန်းအဆင့်မှာ (၃၉၅)ဦး၊ စုစုပေါင်း(၈၁၆)ဦးရှိပြီး မူလတန်းအဆင့်သင် ကျောင်းသားများတော့ လက်ခံသင်ကြားခြင်းမရှိပါဘူး။ လက်ရှိသင်ကြားနေတဲ့ ကျောင်းဆောင်နေရာနှင့် ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ကျောင်းဆောင်ဟောင်းနေရာသည် (၂)ဖာလုံခန့်ကွာဝေးကြောင်း တင်ပြအပ်ပါတယ်။ ဒီကျောင်းဆောင်ဟောင်းနေရာမှာ ပင်မဆောင် (၄၁၈ x ၃၂)ပေ RC နှစ်ထပ်(၁)ဆောင်၊ အန္တရာယ်ဆောင် (၄၈၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ်ဆောင် (၁)ဆောင်၊ စုစုပေါင်း စာသင်ဆောင် (၂)ဆောင်ရှိပါတယ်။

အဆိုပါကျောင်းဆောင်သည် ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ ၆ - ၂ - ၂၀၁၇ ရက်နေ့မှာ အဆင့်မြင့်ပညာဦးစီးဌာနမှ စစ်တွေတက္ကသိုလ်အဖြစ် အသုံးပြုနေရာမှ အခြေခံပညာဦးစီးဌာနသို့ ပြန်လည်လွှဲပြောင်းခဲ့ပြီး အဆောက်အဦ၏ သက်တမ်းဟာ ၁၈၈၅ ခုနှစ်ကတည်းကတည်ဆောက်ခြင်းဖြစ်သည့်အတွက် သက်တမ်းအားဖြင့် (၁၃၃)နှစ်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းဆောင်မှာ သက်တမ်းကြာမြင့်မှုကြောင့် ကြံ့ခိုင်မှုအားနည်းနေပြီး ဟောင်းနွမ်းနေသဖြင့် အခြေခံပညာဦးစီးဌာနမှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တစ်ကြိမ်၊ စုစုပေါင်း (၂)ကြိမ် အကြီးစားပြင်ဆင်ခဲ့ပြီးဖြစ်ပါတယ်။

ထိုသို့ အကြီးစားပြင်ဆင်ပြီးဖြစ်သော်လည်း ကျောင်းဆောင်ကြံ့ခိုင်ရေးကို စစ်ဆေးရာမှာ ကြံ့ခိုင်မှုမရှိကြောင်းတွေ့ရှိရတဲ့အတွက် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြည်နယ်အစိုးရ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ပညာရေးမှူး၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသားဟောင်းများအဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ စစ်ဆေးတွေ့ရှိချက်အရ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရဲ့ ကျောင်းဆောင်ဟောင်းဟာ သက်တမ်း(၁၃၃)နှစ် ကြာမြင့်နေခြင်း၊ ကြံ့ခိုင်မှုမရှိခြင်းတို့အတွက် ပညာသင်ကြားရေးတွင် အသုံးပြုပါက အန္တရာယ်ရှိနိုင်ကြောင်း သို့တည်းအတွက် ရှုံး သို့မဟုတ် ပြတိုက်အဖြစ် အသုံးပြုရန် ပြည်နယ်ဝန်ကြီးချုပ်မှ သဘောထားမှတ်ချက် မိန့်ကြားခဲ့ပါတယ်။

သို့ဖြစ်ပါ၍ အဆင့်မြင့်ပညာဦးစီးဌာနမှ အခြေခံပညာဦးစီးဌာနသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သော စစ်တွေ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းဆောင်ဟောင်းအား ကျောင်းသားများ ပြောင်းရွှေ့ပညာသင်ရန် အစီအစဉ်မရှိပါကြောင်းနှင့် အကယ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အစီအစဉ်ဖြင့် ရန်ပုံငွေကျခံပြီး ပြန်လည်ပြုပြင်ဆောက်လုပ်လိုပါကလည်း ကြံ့ခိုင်မှုစွမ်းအားကို အတည်ပြုထောက်ခံပြီးမှသာ ပြောင်းရွှေ့သင်ကြားခြင်းကို ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ကျွန်တော်ကပဲ ဆက်လက်ပြီး ရခိုင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်နိုင် ၏ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်

ပေးရန်နှင့် မီးဝကျေးရွာ၊ ဂုပ္ပိထောင့်ကျေးရွာတို့ရှိ အခြေခံပညာ အထက်တန်းကျောင်းတို့ကို အခြေခံ ပညာ အထက်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်မြေမှာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း(၂)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း (ခွဲ)ပေါင်း(၁၀)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်းပေါင်း(၈)ကျောင်း၊ အခြေခံပညာ မူလတန်း လွန်ကျောင်း(၂၂)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)(၁၄)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ(၅)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)(၄)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း(၆၅)ကျောင်းအား အဆင့်မြှင့်တင်ပေးပြီးဖြစ်ပါတယ်။ ဒီလို အဆင့်မြှင့်တင် ဆောင်ရွက်ရာမှာ ကိုယ်စားလှယ်တော်ကြီး မေးခွန်းမှာပါတဲ့ ကျောက်တော်မြို့နယ်၊ မြို့မ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် မီးဝကျေးရွာနှင့် ဂုပ္ပိထောင့် ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းတို့ကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် ၂၀၁၈ ခုနှစ်၊ မေလအတွင်းက အဆင့်မြှင့်တင်ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ် ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးခင်မောင်လတ် ရဲ့ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျွန်းချေကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး အမိန့်ရှိသလို ၎င်းကျောင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၆)လဘတ်ဂျက်မှာကတည်းက ငွေလုံးငွေရင်း စီမံကိန်းဖြင့် တည်ဆောက်နေပြီဖြစ်ကြောင်း ကိုယ်စားလှယ်တော်ကြီးက တင်ပြသွားပြီး မေးရန် အစီအစဉ်မရှိကြောင်း ဆက်လက်တင်ပြထားပါ သဖြင့် ကျွန်တော်မှ ဖြေကြားခြင်းမပြုပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

## မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင် တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၅)ဦး အမည် စာရင်းတင်သွင်းထားပါတယ်။ ဆွေးနွေးမယ့်ကိုယ်စားလှယ်များ တစ်ဦးလျှင်(၆)မိနစ်ထက်မပိုဘဲ ဆွေးနွေး ခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၅။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်း ကျန်းမာ၊ ချမ်းသာကြစေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေမူကြမ်းနှင့်ပတ်သက်၍ ကျွန်တော့်ရဲ့ ၁၉၇၃ ခုနှစ်က စတင်ပြီး နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့တဲ့ ကာလမှ နောက်ပိုင်း (၄၅)နှစ်တာ ကာလအတွေ့အကြုံများကို အခြေခံပြီး မြန်မာ့အမျိုးသားရေးဆေးပညာ ဥပဒေကြမ်းအား သုံးသပ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ နိုင်ငံတကာ ရိုးရာဆေးပညာ International Traditional Medicine အပေါ် အားပေးကူညီဆောင်ရွက်ပေးနေတဲ့ စံနှုန်းများ နှင့်အညီ ဖြည့်စွက်ဆွေးနွေးသွားမှာလည်း ဖြစ်ပါတယ်။ သက်ဆိုင်ရာ ကဏ္ဍများကို Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

အခန်း(၁) အပိုဒ် ၁ အမည်နဲ့ အဓိပ္ပာယ်ဖော်ပြချက်ကို ပြင်ဆင်နိုင်ရန် Power Point ဖြင့် တင်ပြထားပါတယ်။ တိုင်းရင်းဆေးဆိုတဲ့ စကားက Oxford Learners Dictionary အရ Belong to a Particular place ရင်းမြစ်ဒေသ တစ်ခုတည်းဆိုတဲ့အဓိပ္ပာယ် ဖော်ဆောင်ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လူမျိုးစု ဆေးပညာ (Ethnic Medicine) ဆို၍လည်းကောင်း၊ ရိုးရာဆေးပညာ (Traditional Medicine) ဆို၍လည်းကောင်း သုံးစွဲခဲ့ပါတယ်။ တရုတ်နိုင်ငံကတော့ သူတို့ ဆေးပညာကို Chinese Traditional Medicine ဆိုပြီးတော့ သုံးစွဲပါတယ်။ မြန်မာ့ အမျိုးသားရေးဆေးပညာဟာ ပုဂံခေတ်ဦးကတည်းက သမိုင်းအထောက်အထား ခိုင်မာစွာရှိနေခဲ့ပြီး ပြည်ပက အိန္ဒိယဆေးပညာ အာယုဗ္ဗေဒကို အခြေခံခဲ့ပါတယ်။ သို့ဖြစ်၍ Indigenous မဟုတ်ပါ။ ပုဂံခေတ်က ရိုးရာအစဉ်အလာ Traditional အရ သယ်ဆောင်လာတာဖြစ်ပါတယ်။ အဆိုပါ ပုဂံခေတ်က ဆေးအတတ်ပညာနှင့် အသက်မွေးသူကို သမာ၊ သမားဟူ၍ ခေါ်ဆိုကြောင်း အေဒီ ၁၂၅၅ အရ ပုဂံကျောက်စာများမှာ တွေ့ရှိရပါတယ်။ ရွှေနန်းတော်သုံးသမားကို တော်ဟူ၍ တတ်ကာ သမတ်သင်း သမားတော်ဟု ခေါ်ဆိုပါတယ်။ သို့ပါ၍ အစဉ်အဆက် သယ်ဆောင်လာတဲ့ ဆေးပညာကို Traditional Medicine ဆိုပြီး သုံးသင့်ပါတယ်။ မြန်မာနိုင်ငံမှာ တိုင်းရင်းဆေးပညာဘွဲ့ကို BMTM Bachelor OF Myanmar Traditional Medicine ဆိုပြီး အမည်တပ် ဘွဲ့ပေးထားပါတယ်။ အင်္ဂလိပ်ဘာသာ Traditional ရိုးရာဆိုပြီး သုံးထားတာဖြစ်ပါတယ်။ မြန်မာဘာသာဖြင့် ဒေသရင်း Indigenous ဆိုပြီးတော့ ကွဲလွဲစွာ သုံးနှုန်းထားတာကိုလည်း တွေ့ရှိရပါတယ်။

အခန်း(၁) အပိုဒ် ၂ (က) မြန်မာ့တိုင်းရင်းဆေးပညာဆိုသည်မှာ ဆိုတဲ့အပိုင်းကိုလည်း မြန်မာ့ရိုးရာ ဆေးပညာရပ်ဆိုသည်ကား အပင်ထွက်၊ သတ္တဝါထွက်၊ သဘာဝသယံဇာတ ဓာတ်ပစ္စည်း

များကို အခြေခံသည့် ဆေးဝါးများနှင့် ဗုဒ္ဓကျမ်းလာဒေသနာ ဆေးအတတ်ပညာ၊ ဓာတ်ပစ္စည်း အင်္ဂါယပညာ၊ နက္ခတ္တပညာ ဆိုတဲ့ နယလေးပါးအခြေခံ ကုသမှုနည်းစနစ်များကို အသုံးပြု၍ လူတို့၏ ကျန်းမာရေး စောင့်ရှောက်မှုအားလုံး ပေါင်းခြုံသည့် ပညာရပ်ကိုဆိုသည် ပြင်ဆင်ရန်ဖြစ်ပါတယ်။ ဆေးဝါးအသုံးချပစ္စည်းတွင် တိရစ္ဆာန်ထွက်ပစ္စည်း (Animal Products) ဆိုရာတွင် နို့တိုက်သတ္တဝါတို့က ရည်ညွှန်းပြီး ဆေးဝါးအသုံးချ Insect သတ္တဝါငယ်များ ဥပမာ ပျားကောင်တို့ကို ပျားတိရစ္ဆာန် ဆိုပြီးတော့ မခေါ်ဆိုပါ။ သို့ပါ၍ ဆေးဝါးအသုံးချ သတ္တလောကမှ ဆေးဝါးပစ္စည်းအားလုံးကို သတ္တဝါထွက်ပစ္စည်းဟူ၍ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ထို့အပြင် ရေထွက်၊ မြေထွက်၊ တွင်းထွက်ပစ္စည်းများ ဆိုမည့် အစား သဘာဝသယံဇာတ ဓာတ်ပစ္စည်းများဟူ၍ ပြင်ဆင်လိုပါတယ်။ ဆိုလိုသည်မှာ သဘာဝ ဓာတ်ပစ္စည်းဖြစ်တဲ့ Sodium Chloride အိမ်သုံးဆား၊ Copper Sulphate ဒုတ္ထာ၊ Ammonium Chloride ဇဝက်သာ စသည်တို့ဟာ သဘာဝမြေထွက် ဓာတုပစ္စည်းများဖြစ်၍ ရေးဖွဲ့မှုကျစ်လျစ်ရန် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ပါဠိစကားနယပါးဆိုသည်မှာ နည်းစနစ်(၄)ရပ်ဟူ၍ အဓိပ္ပာယ်ရပြီး ယနေ့ခေတ်သုံး Therapeutics Method တွေ အဓိပ္ပာယ်ရပါတယ်။

စာမျက်နှာ(၂)အခန်း ၁ အသစ်ပြင်ဆင်ဖြည့်စွက်ချက်ကိုလည်း ပြင်ဆင်နိုင်ရန် Power Point ဖြင့် တင်ပြထားပါတယ်။ စာမျက်နှာ(၂)အခန်း ၁ အပိုဒ် ၂ အဆိုပါ ပြဋ္ဌာန်းချက် (ဆ) မှတ်ပုံတင် တိုင်းရင်းဆေးဆရာဆိုတဲ့ စာပိုဒ်ကို မှတ်ပုံတင် ရိုးရာသမားတော်ဟူ၍ ပြင်ဆင်လိုပါတယ်။ သမား၏ အဓိပ္ပာယ်မှာ ဆေးအတတ်ပညာရှင် ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဟူ၍ အဓိပ္ပာယ်ရှိပြီး သမားရှေ့မှာ ဆေးစာလုံး ထပ်မံဖြည့်စွက်ရန် မလိုပါ။ ယနေ့အသုံးပြုနေတဲ့ ဆေးဆရာ၊ ဆေးသမား စကားလုံးများတွင် ဆရာသည် သက္ကတဘာသာ အာစရိယပါဠိမှလာ၍ ပညာသင်ကြားပေးနေသူဟူ၍ အဓိပ္ပာယ်ရပြီး သမားသည် အတတ်ပညာပေးသူမဟုတ်ဘဲ ကျန်းမာရေးအတွက် ဆေးကုသပေးနေသူ သာဖြစ်၍ အာစရိယဆရာနှင့် ပူးတွဲ၍ အသုံးပြုခြင်းမရှိပါ။ သို့ရာတွင် ယနေ့ခေတ်တွင် လွဲမှားစွာ ဆေးအပေါင်း ဆရာ၊ ဆေးဆရာဟူ၍ လွဲမှားစွာ ခေါ်ဆိုသုံးစွဲလျက်ရှိကြပါတယ်။ အမှားကြာလျှင် အမှန် ဖြစ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ ဆေးဝါးကုသသူကို သမား၊ သမားတော်ဟူ၍ ရှေးထုံးစကားအတိုင်း သိရှိနိုင်ပါရန် လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သုံးသပ်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၀။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။

ကျွန်တော် ဆွေးနွေးမှာက မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဆိုတာ မြန်မာတိုင်းရင်းဆေးနှင့် အသက်မွေးကြတဲ့ တိုင်းရင်းဆေးဆရာများကို ဦးဆောင်တဲ့ အဖွဲ့ဖြစ်ပါတယ်။ မြန်မာတိုင်းရင်းဆေးရဲ့ မူလအစဟာ အိန္ဒိယ နိုင်ငံမှာ အာယုဗ္ဗေဒ တိုင်းရင်းဆေးပညာမှ ပြန့်ပွားလာကြောင်း ဖြစ်ပါတယ်။ မြန်မာတိုင်းရင်းဆေး ဆရာ သီအိုရီရဲ့ မူရင်းဟာလည်းပဲ များသောအားဖြင့် အိန္ဒိယရှေးဟောင်းဆေးကျမ်းများက ဖြစ်ပါတယ်။

အကြောင်းကို ကျွန်တော်တင်ပြရတဲ့ ရည်ရွယ်ချက်ကတော့ တိုင်းရင်းဆေးပညာရဲ့ အခြေခံကျတဲ့ အချက်များဖြစ်တယ်လို့ ယူဆလို့ပါပဲ။ ဥပဒေမှာ အခန်းပေါင်း(၁၈)ခန်းနဲ့ ပုဒ်မပေါင်း (၇၂)ခု ပါဝင်ပါတယ်။ ကျွန်တော် လိုရင်းဆွေးနွေးလိုတာက ဥပဒေမှာ တိုင်းရင်းဆေးဆရာဆိုတဲ့ အပိုင်းနှစ်ပိုင်း တွေ့ရပါတယ်။ တိုင်းရင်းဆေးပညာဆိုတာ ကောင်စီအသိအမှတ်ပြုတဲ့ ဘွဲ့ဒီပလိုမာ ရရှိသူ ဆိုတဲ့ တိုင်းရင်းဆေးဆရာများနဲ့ ပုဒ်မ ၁၅(စ)မှာဖော်ပြထားတဲ့ တိုင်းရင်းဆေးပညာအတွက် အသက် မွေးဝမ်းကျောင်းပြုလျက်ရှိသည့် တိုင်းရင်းဆေးဆရာဆိုပြီး နှစ်မျိုးတွေ့ရပါတယ်။ အဲဒါကြောင့် ပုဒ်မ ၁၅(စ)မှာဖော်ပြထားတဲ့ တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည့် တိုင်းရင်း ဆေးဆရာဆိုတဲ့ နေရာမှာ အဓိပ္ပာယ်ဖွင့်ဆိုဖို့လိုပါမယ်။ ဒါကြောင့် အခန်း(၁)မှာ ထည့်သွင်း အဓိပ္ပာယ် ဖွင့်ဆိုဖို့ အကြံပြုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၃)ပုဒ်မ ၇(ဃ)ပုဒ်မခွဲ ၉ မှာ မူလ အဆိုပြု ချက်မှာ အများပြည်သူ ယုံကြည်လေးစားသည့် ပညာရှင်နှစ်ဦးဆိုတဲ့ ပြဋ္ဌာန်းချက်ကို ပြည်သူ့လွှတ်တော် ကရော၊ အမျိုးသားလွှတ်တော်ကရော ပယ်ဖျက်ထားပါတယ်။ ပယ်ဖျက်ဖို့မလိုဘူးလို့ ယူဆပါတယ်။ ဒီနေရာမှာ အများပြည်သူ ယုံကြည်လေးစားသည့် ဥပဒေပညာရှင်နှစ်ဦးဆိုပြီး ထည့်သွင်းသင့်ပါတယ်။ ဘာလို့လဲဆိုရင် တိုင်းရင်းဆေးကောင်စီမှာ ဥပဒေပညာရှင် ပါဝင်သင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေရဲ့ အခန်း(၄) ပုဒ်မ ၁၅ ပုဒ်မခွဲ (စ)မှာ တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည့် ကျော်ဇောထင်ရှားပြီး တိုင်းရင်းဆေး ဆရာ ဖြစ်ထိုက်သူ၏ အရည်အချင်းများ သတ်မှတ်ခြင်းဆိုတဲ့ ပြဋ္ဌာန်းချက်ဟာ ယေဘုယျဆန်သလို ယူဆပါတယ်။ တိုင်းရင်းဆေးပညာဆိုတာ ကျွန်တော် အထက်ကဆွေးနွေးခဲ့သလိုပဲ သိမ်မွေ့နက်နဲတဲ့ ပညာရပ်ဖြစ်လို့ တိုင်းရင်းဆေးပညာ၊ ဆေးဆရာတို့ရဲ့ သတ်မှတ်တဲ့ အရည်အချင်းဟာ တိကျသေချာစွာ ဖော်ပြဖို့လိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၁၁) တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ခြင်း ကဏ္ဍမှာ ပုဒ်မ ၃၁ ပုဒ်မခွဲ(ဂ)(ဃ)မှာ ပုဒ်မ ၁၅(စ)အရ ကောင်စီကသတ်မှတ်ထားသော အရည်အချင်း ပြည့်မီသူ ၊ ပြည့်မီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရသူ ဆိုပြီးတော့ အထက်က ကျွန်တော် ဆွေးနွေးခဲ့တဲ့ အညွှန်းပါ ပုဒ်မများမှာပါတဲ့ ပုဂ္ဂိုလ်တို့ကို တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ဖို့အတွက် ယေဘုယျ သတ်မှတ်ချက်နှင့် မဖော်ပြသင့်ပါဘူး။ တိုင်းရင်းဆေးကောင်စီရဲ့ တိုင်းရင်းဆေးဆရာဆိုတဲ့ ကြားမှာ သံသယဝင်စရာ အဂတိတရား ဘက်လိုက်မှုမဖြစ်အောင် ရေရာတိကျတဲ့ ပြဋ္ဌာန်းချက်မျိုးဖြစ်ဖို့ လိုအပ် ပါမယ်။ ထို့အတူပဲ အခန်း(၁၃)ဆေးကုသခွင့် လိုင်စင်ထုတ်ပေးရာမှာလည်း အထက်က ကျွန်တော် ဆွေးနွေးခဲ့တဲ့ ပုဒ်မ ၁၅(စ)ပါ ပုဂ္ဂိုလ်တို့ကို အထွေထွေဆေးကုသခွင့်လိုင်စင်ကို ကနဦး ထုတ်ပေးရန်

မသင့်လျော်ပါဘူး။ မှတ်ပုံတင်ခွင့်ပြုခဲ့ရင်တောင် ဥပဒေမှာဖော်ပြထားတဲ့ တိုင်းရင်းသားလူမျိုးတို့ရဲ့ ရိုးရာအစဉ်အလာအတိုင်း ကန့်သတ်ဆေးကုသခွင့် လိုင်စင်ထုတ်ပေးသလို ပုဒ်မ ၁၅(စ)ပါ ပုဂ္ဂိုလ်များကိုလည်းပဲ ကန့်သတ်ဆေးကုသခွင့်လိုင်စင်ကိုသာ ဦးစွာထုတ်ပေးဖို့ သင့်လျော်ပါတယ်။ တိုင်းရင်းသားလူမျိုးတို့ရဲ့ ရိုးရာအစဉ်အလာ ပုဂ္ဂိုလ်တို့နဲ့ ပုဒ်မ ၁၅(စ)ပါ ပုဂ္ဂိုလ်တို့ကို အခွင့်အရေးအတူ ထားသင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေမှာ ဆက်လက်အကြံပြုလိုတာက မြန်မာတိုင်းရင်းဆေးဆရာဆိုတာ ရှေးနှစ်ပေါင်းများစွာကတည်းက ပြည်သူများအတွက် ယခင် အနောက်တိုင်းဆေးပညာ မပေါ်ပေါက်ခင်ကတည်းကပင် အားထားရတဲ့ ဆေးပညာဖြစ်ပါတယ်။ ဂေါတမဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကပင် အလွန်ထင်ရှားကျော်ကြားခဲ့တဲ့ သမားတော်ဘွဲ့ရ ဆရာဇီဝက ဟာ ထိုစဉ်အခါက ကန္တာရတိုင်း တက္ကသိုလ်ပြည် ဒီသာပါမောက္ခဆရာကြီးထံမှာ တိုင်းရင်းဆေးပညာကို (၇)နှစ် သင်ကြားတတ်မြောက်ခဲ့ရပါတယ်။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ကြောင်းကို ဉာဏ်ကျက်စားပြီးတော့ ကျွမ်းကျင်တတ်မြောက်ခဲ့ပါတယ်။ အဲဒီလို သေချာရေရာတဲ့ ဆရာသမားထံမှာ သင်ယူခဲ့ရတဲ့ တိုင်းရင်းဆေးဆရာမျိုး၊ သေချာရေရာတဲ့ အရည်အချင်းသတ်မှတ်ထားတဲ့ တိုင်းရင်းဆေးတက္ကသိုလ်က ဘွဲ့လက်မှတ်အသီးသီးတွေ၊ သင်တန်းဆင်းလက်မှတ်တွေစတဲ့ တိုင်းရင်းဆေးပညာအပေါ်မှာ ကျွမ်းကျင်တတ်မြောက်သူများကို ဥပဒေပြဋ္ဌာန်းချက်အရ အထွေထွေဆေးကုသခွင့် လိုင်စင်ထုတ်ပေးခြင်းဟာ မြန်မာတိုင်းရင်းဆေးလောကအတွက် မမှားတဲ့ တွေးခေါ်ဆုံးဖြတ်ချက်၊ ပြဋ္ဌာန်းချက်ဖြစ်လိမ့်မယ်လို့ ကောင်းစွာယုံကြည်ပါတယ်။ တိုင်းရင်းဆေးဆရာဟာ လောကမှာ အနောက်တိုင်း အင်္ဂလိပ်ဆေးနဲ့နှိုင်းယှဉ်ရင် များစွာနောက်ကျနေပါတယ်။ လူနာများ ယုံကြည်မှု အားနည်းနေပါတယ်။ တိုင်းရင်းဆေးအစွမ်းပြခဲ့ကြတာဟာ မြန်မာ့ဆေးပညာ တကယ်တတ်ကျွမ်းပြီး ထိုးထွင်းကြံစည်ဆုံးဖြတ်နိုင်တဲ့ ဆေးဆရာ ဉာဏ်စွမ်းများကြောင့် ဖြစ်ပါတယ်။ အဲဒီ ဉာဏ်စွမ်းများကို ပညာရပ်ဆိုင်ရာနှင့်သာ သတ်မှတ်ပြဋ္ဌာန်းသင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်ဆွေးနွေးလိုတာက ဂျာနယ်ကျော် မမလေး ရေးသားထားတဲ့ မြန်မာ့ဆေးပညာစာအုပ်မှာ ဆရာသမားဆီမှာ မသင်ကြားရဘဲ ဟိုနည်းဒီနည်း ကိုယ့်ဘာသာကိုယ်လိုက်ပြီး လက်တည့်စမ်း ဆေးကုနေကြတဲ့ သမားယောင် ဆရာတုတွေကြောင့် မြန်မာဆေးတွေ နာမည်ပျက်ကုန်တာပါ။ မြန်မာ့ဆေးပညာကျောင်းကြီးဖွင့်ပြီး ဆေးတက္ကသိုလ်နဲ့ တကယ်တတ်သိတဲ့ သမားတော်ကြီးတွေနဲ့ ကျကျနန သင်ကြားပေးရင် မြန်မာ့ဆေးပညာဟာ တစ်စနစ်ထဲ တစ်မူထဲ ပေါ်ရမှာပါလို့ ရေးသားထားတဲ့အတိုင်း ဥပဒေမှာ ပါဝင်ကြတဲ့ တိုင်းရင်းဆေးဆရာ မှတ်ပုံတင်ခြင်း၊ ဆေးကုသသည့် လိုင်စင်ထုတ်ပေးခြင်း အပိုင်းကဏ္ဍတို့မှာ အရည်အချင်းမပြည့်စုံတဲ့ စံချိန်ပြု အမှတ်အသားများမရှိကြတဲ့ ပုဒ်မ ၁၅(စ)ပါ ပုဂ္ဂိုလ်တို့အပေါ်မှာ များစွာစဉ်းစားသင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၅။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေလို့ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ လိုရင်းတိုရှင်းပဲ ဆွေးနွေးတင်ပြလိုပါတယ်။

ကျွန်တော်တို့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၄ ကောင်စီရဲ့ လုပ်ပိုင်ခွင့်များဆိုတဲ့ ပြဋ္ဌာန်းချက် အောက်မှာသာလျှင် ဆေးကုသခွင့် လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်း၊ လုပ်ပိုင်ခွင့်များကို ထည့်သွင်းသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ အခု အပိုဒ် (၁၆)မှာ အဲဒါတွေ ပြဋ္ဌာန်းထားလို့ပါ။ အပိုဒ် (၁၆)မှာ အလုပ်အမှုဆောင်အဖွဲ့အနေနဲ့ ဆေးကုသခွင့် လိုင်စင်ထုတ်ပေးခြင်း၊ ရုပ်သိမ်းခြင်း၊ ဆိုင်းငံ့ထားခြင်း လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားတာထက် တိုင်းရင်းဆေးကောင်စီကြီးအနေနဲ့ ဆောင်ရွက်ခြင်းဟာ ပိုပြီးတော့ လေးနက်တည်ကြည်ပြီးတော့ ဂုဏ်ကျက်သရေလည်း ပိုရှိမှာဖြစ်တဲ့အတွက်ကြောင့် ဆွေးနွေးရခြင်းဖြစ်ပါတယ်။

ဒီမိုကရေစီခေတ်မှာ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိဖို့လိုပါတယ်။ အဲဒါအရေးကြီးပါတယ်။ အလုပ်အမှုဆောင်အဖွဲ့ကို လွှဲချတဲ့ဟာမျိုး မဖြစ်သင့်ပါဘူး။ အလုပ်အမှုဆောင်အဖွဲ့ကို တာဝန်မပေးသင့်ပါဘူး။ ကျွန်တော်တို့ ကောင်စီကသာလျှင် နိုင်ငံတော်နဲ့ နိုင်ငံသားများကို တာဝန်ယူ၊ တာဝန်ခံဖို့ သင့်တော်မှာဖြစ်တဲ့အကြောင်း ဆွေးနွေးလိုပါတယ်။ ဒါကြောင့် နိုင်ငံတကာမှာရော၊ ပြည်တွင်းမှာရော တိုင်းရင်းဆေးဆရာများရဲ့ ဂုဏ်သိက္ခာမြင့်မားစေရန် နောက်တစ်ခါ နိုင်ငံရဲ့ အမြင့်ဆုံး တိုင်းရင်းဆေးကောင်စီကြီးကသာလျှင် လိုင်စင်ထုတ်ပေးခြင်း သင့်တော်တဲ့အတွက် ဥပဒေမှာ ဒီအချက်ကို ပြင်ဆင်ပေးစေလိုပါတယ်။ ဥပဒေရဲ့ နောက်ပိုင်းပြဋ္ဌာန်းချက်များမှာလည်း လိုင်စင်ထုတ်ပေးတဲ့ကိစ္စ အရေးယူတဲ့ကိစ္စတွေမှာ အလုပ်အမှုဆောင်အဖွဲ့က လုပ်တဲ့အနေနဲ့ ဖော်ပြထားချက်တွေကို ပြင်ဆင်ပြီး အလုပ်အမှုဆောင်အဖွဲ့က ကောင်စီကို တင်ပြတယ်လို့သာ ပြင်ဆင်ပြောင်းလဲစေလိုပါတယ်။

ဒုတိယတစ်ချက် တင်ပြလိုတာကတော့ မူလဥပဒေကြမ်းမှာ မပါဘဲ ပြည်သူ့လွှတ်တော်ကနေ ပြင်ဆင်ဖြည့်စွက်ထားတဲ့ အပိုဒ် (၁၄)ရဲ့ (စ)ကို ပြန်လည် ပယ်ဖျက်သင့်ပါတယ်။ အခန်း (၁၁) အပိုဒ်(၁၄)မှာ စောစောကလည်း ဆရာဦးလှဦး ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည့် တိုင်းရင်းဆေးဆရာ ဖြစ်ထိုက်သူရဲ့ အရည်အချင်းကို သတ်မှတ်ခြင်းဆိုတဲ့အချက်ကို ဖြည့်စွက်ထားတာ တွေ့ရပါတယ်။ တကယ်တမ်းကျတော့ အခန်း (၁၁) မှာ လိုင်စင်ထုတ်ပေးနိုင်တဲ့ အရည်အချင်းသတ်မှတ်ချက်တွေကို ရှင်းလင်းစွာ တိတိကျကျ ပြဋ္ဌာန်းထားပြီးဖြစ်လို့ မလိုအပ်ခြင်းဖြစ်ပါတယ်။ အဂတိလမ်းကြောင်းများ ပေါ်လာနိုင်တာထက် ပိုင်ရာဆိုင်ရာ ဆရာကောင်း၊ သမားကောင်းတွေ အားကိုးနဲ့ လိုင်စင်ရသွားပြီး ပြည်သူတွေ အသက်ဆုံး၊ ဘဝဆုံး၊ အင်္ဂါချို့ယွင်းတာတွေဖြစ်ရင် ဘယ်သူက တာဝန်ယူ၊ တာဝန်ခံမှာလဲလို့ ကျွန်တော်ကတော့ မေးခွန်း ထုတ်ချင်ပါတယ်။

ဒါကြောင့်မို့လို့ ဟိုအလုပ်အမှုဆောင်လိုလို၊ ဒီအလုပ်အမှုဆောင်လိုလို ကျွန်တော်တို့ နိုင်ငံသားတွေ လွှဲချတာ ဟိုလူလိုလို၊ ဒီလူလိုလို ခံရပေါင်းများနေပါပြီ။ အခန်း(၁၁)မှာ အရည်အချင်း သေသေချာချာသတ်မှတ်ပြီးဖြစ်ပါလျက်နဲ့ မရေရာမသေချာတဲ့ အရည်အချင်းသတ်မှတ်ချက်တွေ ထပ်ပြီး မလုပ်စေသင့်တော့ပါဘူး။ အရည်အချင်းတွေ မရှိရင်လည်း ရှိအောင်လုပ်ဖို့ပဲ ဖြစ်ပါတယ်။ မလုပ်နိုင်ရင်တော့ တရားဝင်အဆင့်ကို မယူသင့်ပါဘူး။ အပြင်မှာလည်း ဂမ္ဘီရဆန်ဆန် ထူးထူးခြားခြား အောင်မြင်နေတဲ့ ဆေးကုနေတဲ့သူတွေ ရှိပါတယ်။ အဲဒီလူတွေလိုပဲ သီးခြားရပ်တည်နေစေ သင့်ပါတယ်။ တရားဝင်သတ်မှတ်ချက်အရ အရည်အချင်းမရှိတဲ့ ဆေးကုသခွင့် ဘယ်လိုနည်းနဲ့မှ ဥပဒေအရ မပေးသင့်ပါဘူး။ ဥပဒေမှာ အဂတိလိုက်စားမှုနဲ့ ရှုပ်ထွေးတဲ့ ပြဿနာဖြစ်နိုင်တဲ့ ပြဋ္ဌာန်းချက်မျိုးတွေ မပါဝင်သင့်ပါဘူးလို့ ဆွေးနွေးလိုပါတယ်။

နောက်တစ်ခါ အပိုဒ်၂(ဋ) အထူးဆေးကုသခွင့်လိုင်စင်ကို ပြည်တွင်းတိုင်းရင်းဆေး တက္ကသိုလ်ဘွဲ့ရနှင့် ပြည်ပဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာရရှိပြီး အရည်အချင်း ပြည့်တဲ့လူတွေကို ထုတ်ပေးတယ်လို့ ဖွင့်ဆိုဖော်ပြထားပါတယ်။ အထူးဆေးကုသခွင့်လိုင်စင်ထက် တစ်ဆင့်နိမ့်တဲ့ ယာယီကန့်သတ် ဆေးကုသခွင့်လိုင်စင်ကိုတော့ ပြည်ပဆေးပညာဘွဲ့ရတဲ့ နိုင်ငံတကာ တိုင်းရင်း ဆေးဆရာကို ထုတ်ပေးတယ်လို့ ဖွင့်ဆိုထားပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ဘာဘွဲ့ပဲရရ ဘွဲ့တစ်ခုခုရရင် ဘွဲ့လွန်ဒီပလိုမာ တက်လို့ရပါတယ်။ ဘွဲ့လွန်ဒီပလိုမာဆိုတာ မူလဆေးပညာလောက် အဆင့်အတန်း မရှိတာတော့ ကျွန်တော်တို့ အများကြီးရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ပက မူလ Academic ဘွဲ့ရတဲ့သူများကျတော့ အဆင့်နိမ့်တဲ့ ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်သာပေးပြီးတော့ ဒီပလိုမာ လောက်ရတဲ့သူကို အထူးဆေးကုသခွင့် လိုင်စင်ရနိုင်တယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတာကိုတော့ ပြန်လည်စိစစ်ပြီး တည့်မတ်ဖို့လိုပါကြောင်း ဆွေးနွေးလိုပါတယ်။ နောက်တစ်ချက်ကတော့ အပိုဒ် ၂(ခ)မှာ ပြည်သူ့လွှတ်တော်က နိုင်ငံတကာဆေးပညာဆိုတဲ့ စကားရပ်ကို ကျွန်တော်တို့ ပြည်ပ တိုင်းရင်းဆေးပညာလို့ ပြင်ထားတဲ့ဟာ မဆီလျော်ပါဘူး။ ဥပဒေထဲမှာလည်း နိုင်ငံတကာ တိုင်းရင်းဆေး ပညာဆိုတာ အကြိမ်ကြိမ်ပါနေပြီးဖြစ်တဲ့အတွက် နိုင်ငံတကာလို့ပဲ သုံးသင့်ပါကြောင်း ဆွေးနွေး တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ တိုင်းရင်းဆေး ကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး ပဥ္စမနေ့ ၃-၈-၂၀၁၈(သောကြာနေ့) အစည်းအဝေးတွင် ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် ပဥ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်(သောကြာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၀၁ နာရီအချိန်တွင် ရပ်နားပါသည်။]